**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**
**WOMEN'S LEAGUE OF BURMA**

**၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၉ ) ရက်နေ့**

**၂၅ နှစ်ပြည့် အထိမ်းအမှတ်**

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ နိုင်ငံရေး ရပ်တည်ချက်ကြေညာစာတမ်း**

မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီ၊ ငြိမ်းချမ်းရေး၊ တရားမျှတမှု စသည့် တူညီသော ရည်မှန်းချက်များနှင့် မြန်မာနိုင်ငံမှ သမိုင်းကြောင်းနောက်ခံကွဲပြားသော တိုင်းရင်းသူအမျိုးသမီးများ စုပေါင်းဖွဲ့စည်းထားသည့် အမျိုးသမီးနိုင်ငံရေးအဖွဲ့အစည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံသားတိုင်း အခြေခံလူ့အခွင့်အရေးကို ခံစားရပြီး တိုင်းရင်းသား တန်းတူရေးနှင့် ကျား-မတန်းတူညီမျှမှုကို အာမခံချက်ပေးသည့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ တည်ထောင်နိုင်မှသာ စစ်မှန်သော ငြိမ်းချမ်းရေး ရရှိနိုင်မည်ဟု မိမိတို့အနေဖြင့် ယုံကြည်သည်။

လွန်ခဲ့သော (၂၅)နှစ်တာကာလအတွင်း အဖွဲ့ချုပ်အနေဖြင့် မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်များ အတိုင်းတစိုက်မတ်မတ် လုပ်ဆောင်ခဲ့ပြီး စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည့်အပြင် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေများရေးဆွဲရေး လုပ်ငန်းစဉ်များတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ အဖွဲ့ ချုပ်၏ ကိုယ်စားလှယ်များသည် ပြည်ထောင်စု မြန်မာနိုင်ငံ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေးနှင့် ညှိနှိုင်းရေးကော်မတီ (FCDCC) တွင် ပါဝင်ခဲ့သည်။ ထိုနည်းတူ တော်လှန်ရေးနယ်မြေများတွင် ကျင်းပသော တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ (EROs) ၏ ထိပ်သီးဆွေးနွေးပွဲများကို တက်ရောက်ခဲ့ပြီး ပြည်တွင်းတွင် ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC) ကိုလည်း ပါဝင်တက်ရောက်ခဲ့သည်။

စစ်ပွဲများအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပါအဝင် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်ကို ဆန့်ကျင်သည့် ရာဇဝတ်မှုများကို ကျူးလွန်ပြီး ပြစ်ဒဏ်မှ ကင်းလွတ်နေသော စစ်အာဏာရှင်များကို နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးတွင် တရားစွဲဆို အပြစ်ပေး အရေးယူနိုင်ရန်အတွက်လည်း မိမိတို့ အဖွဲ့ချုပ်အနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကို တင်ပြတောင်းဆို၍ စဉ်ဆက်မပြတ် စည်းရုံးလှုံ့ဆော်ခဲ့သည်။ အမျိုးသမီးနိုဘယ်လ်ဆုရှင်များအဖွဲ့ (NWI) နှင့် ပူးပေါင်း၍ သဏ္ဍာန်တူနိုင်ငံတကာခုံရုံးကို အမေရိကန်နိုင်ငံ၊

နယူးယောက်မြို့တွင် ကျင်းပပြုလုပ်၍ မြန်မာနိုင်ငံမှ အမျိုးသမီးများအပေါ် ရာဇဝတ်မှုကျူးလွန်ရာတွင် တာဝန်ရှိသူစစ်ခေါင်းဆောင်အား အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံးသို့ ပို့ဆောင်ရန် တိုက်တွန်းခဲ့သည်။

ထို့အပြင် မိမိတို့နှင့် ရည်ရွယ်ချက်တူသည့် ပြည်တွင်းအခြေစိုက် အမျိုးသမီးအဖွဲ့အစည်းများ၊ ကွန်ယက်များနှင့် ချိတ်ဆက်ကာ ကျား-မ တန်းတူရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး၊ ဆုံးဖြတ်ချက်ချသည့် နေရာများတွင် အမျိုးသမီးများပါဝင်ရေးတို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်က အာဏာသိမ်းပြီးအချိန်ကတည်း ခုချိန်ထိ စစ်အာဏာရှင်ဆန့်ကျင်ရေး၊ ဖက်ဒရယ်ဒီမိုကရေစီ ရရှိရေးအတွက် တော်လှန်ရေးနှင့် နိုင်ငံရေးဆိုင်ရာ ရုန်းကန်လှုပ်ရှားမှုများတွင် အဖွဲ့ချုပ်အနေဖြင့် တက်ကြွစွာ ပါဝင်ခဲ့သည်။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်စာတမ်း (FDC) ထွက်ရှိလာရန်အတွက် စတင်ညှိနှိုင်းရေးဆွဲပြင်ဆင်သည့် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ (NUCC) တွင် ကနဦးမှစ ပါဝင်ခဲ့ပြီး အဆိုပါ ပဋိညာဉ်စာတမ်းကို ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ၌ သဘောတူအတည်ပြုခဲ့သည်။

ဤရှည်လျားသော နိုင်ငံရေးရုန်းကန် လှုပ်ရှားမှု အဆင့်တိုင်းတွင် အရေးကြီးသော နိုင်ငံရေး လုပ်ငန်းစဉ်များ၌ အမျိုးသမီးများ၏ ပါဝင်မှု သေချာစေရန်နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ မူဘောင်များအားလုံးတွင် ကျား-မ တန်းတူ ရေးကို ထည့်သွင်းရန် အဖွဲ့ချုပ် အနေဖြင့် အစဉ်တစိုက် တောင်းဆို စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။

အချုပ်ဆိုရသော် မိမိတို့ အဖွဲ့ချုပ်သည် လွန်ခဲ့သည့် (၂၅) နှစ်အတွင်း မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ထွန်းကားရေးနှင့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေး လုပ်ငန်းစဉ်တိုင်းတွင် တက်ကြွစွာပါဝင်ခဲ့ပြီး ယနေ့ ကျရောက်သော (၂၅) နှစ်မြောက်နှစ်ပတ်လည်နေ့တွင် မိမိတို့ တိုင်းပြည်တွင် ဒီမိုကရေစီ၊ ကျား-မ တန်းတူရေး နှင့် ဖက်ဒရယ်စနစ်ကို ဆောင်ကျဉ်းလာမည့် မပြီးဆုံးသေးသော တော်လှန်ရေးကို မဆုတ်မနစ်၊ ဇွဲ သတ္တိဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သံဓိဋ္ဌာန် ပြုပါသည်။

ဤသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် မိမိတို့ အဖွဲ့ချုပ်အနေဖြင့် အောက်ပါနိုင်ငံရေး အခြေခံမူများကို ချမှတ်ထားပါသည်။

**အခြေခံမူ (၁)** ကျား-မ တန်းတူရေးသည် လက်ရှိ နိုင်ငံရေး ဖြစ်စဉ်တွင် အဓိကကျသည့် ရည်မှန်းချက်ထဲ၌ ပါဝင်ရမည်။

**အခြေခံမူ (၂)** နိုင်ငံရေး ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုနှင့် တန်းတူ ညီမျှ ပါဝင်မှုကိုဖော်ဆောင်နိုင်ရေးအတွက် အစိုးရ အဆင့်အားလုံး (ပြည်ထောင်စု၊ ပြည်နယ်၊ ဒေသန္တရ) နှင့်

အချုပ်အခြာ အာဏာ (၃) ရပ် (ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး) တို့တွင် ထိရောက်သော အထူးစီမံဆောင်ရွက်ချက်များဖြင့် အနည်းဆုံး ၃၀ ရာခိုင်နှုန်းကို အာမခံဆောင်ရွက်ရမည်။

**အခြေခံမှု (၃)** အမျိုးမျိုးသောလူနည်းစုများအပါအဝင်လူတိုင်း၏ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေး၊ လူမှု ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများကို အသိအမှတ်ပြု၍ ကာကွယ်စောင့်ရှောက်ရမည်။

**အခြေခံမှု (၄)** တန်းတူ ညီမျှမှု အခွင့်အရေးဆိုသည်မှာ သာမန် တန်းတူရေး သာမက ရလာဒ် တန်းတူညီမျှရေး ဖြစ်ရမည်။

**အခြေခံမှု (၅)** မြန်မာနိုင်ငံတွင် ရှိရမည့် ဖက်ဒရယ်စံနစ်တွင် ပြည်ထောင်စု အဖွဲ့ဝင် ပြည်နယ်များ အားလုံး နိုင်ငံရေးအရ တန်းတူညီမျှမှုရှိပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိရမည်။

**အခြေခံမှု (၆)** မြန်မာနိုင်ငံတွင် ဒီမိုကရေစီကို အခြေခံသော အုပ်ချုပ်ရေးစံနစ် ရှိရမည်။ အချုပ်အခြာ အာဏာသည် ပြည်နယ်အသီးသီးတွင် မှီတင်းနေထိုင်ကြသောပြည်သူ့ထံမှ ဆင်းသက်ရမည်။

**အခြေခံမှု (၇)** လက်ရှိ စစ်အာဏာရှင်ကို ဆန့်ကျင်တော်လှန်နေသော အင်အားစုများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် အမျိုးသမီးများအပေါ် နည်းမျိုးစုံနှင့် အကြမ်းဖက်ခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်း များကို ရှောင်ကြဉ်ရမည်။

**အခြေခံမှု (၈)** ဒီမိုကရေစီရေးနှင့် ဖက်ဒရယ်ရေးအတွက် တိုက်ပွဲဝင်နေသော အစုအဖွဲ့များအားလုံးအနေဖြင့် စစ်ပွဲများအလွန် အသွင်ကူးပြောင်းရေးဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန်အတွက် ပူးပေါင်းဆောင်ရွက် သည့် လုပ်ငန်းစဉ်ကို ကတိကဝတ်ပြုရမည်။

**အခြေခံမှု (၉)** စစ်ပွဲနှင့် ပဋိပက္ခများအတွင်း ထိခိုက်နစ်နာခဲ့ရသူများအတွက် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ဖော်ဆောင်ရမည်။

ဤအခြေခံမှုများသည် ငြိမ်းချမ်းမှု၊ တရားမျှတမှု တည်ရှိသော အနာဂတ် ဖက်ဒရယ်ဒီမိုကရက်တစ် မြန်မာနိုင်ငံအတွက် အခြေခံအကျဆုံး လိုအပ်ချက်များဖြစ်သည်ဟု မိမိတို့ အဖွဲ့ချုပ်အနေဖြင့် ယုံကြည်သည်။ နိုင်ငံရေး အစုအဖွဲ့များအကြား ဤမူများအပေါ် ကျယ်ကျယ်ပြန့်ပြန့် သဘောတူညီမှု ရရှိပါက ပိုမိုကောင်းမွန် သော အနာဂတ် တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်တစ်ခု ချနိုင်မည်ဖြစ်သည်။ အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်နေကြသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်အားလုံးအား မိမိတို့နှင့်အတူ ပူးပေါင်းပါဝင်ကြပါရန် ဖိတ်ခေါ်အပ်သည်။

မိမိတို့ ရည်မှန်းချက် ပန်းတိုင်ရောက်ရှိရန်အတွက် ဆက်လက် ဆောင်ရွက်ရာတွင် ရေရှည် တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေး အတွက် လိုအပ်သည့် ဒီမိုကရေစီ၊ တန်းတူရေး၊ တရားမျှတမှု၊ ဖက်ဒရယ်စံနစ်တို့ အတွက် ယုံကြည်ချက် ခိုင်မာစွာဖြင့် လှုပ်ရှားဆောင်ရွက်နေကြသော အစုအဖွဲ့အားလုံးနှင့် ဆက်လက်၍ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်။